# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေး
# အမှတ်စဉ်(၁/၂၀၂၃)

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ၈-၃-၂၀၂၃ ရက်နေ့ ၁၁:၀၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အထက်မြန်မာပြည်၊အောက်မြန်မာပြည် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍကို ၂၀၁၁ ခုနှစ်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြဋ္ဌာန်း၍ စတင်ဆောင်ရွက်ခဲ့ပြီး ဝင်ငွေနည်းပြည်သူများနှင့် MSME များအတွက် ကောင်းမွန်သော ဝန်ဆောင်မှုရရှိစေခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ထိရောက်သော အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ် ၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မှစ၍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် အနည်းငယ်ကျဆင်းခဲ့သော်လည်း ငွေကြေးဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများမှာ ရပ်တန့်မှုမရှိဘဲ လည်ပတ်ဆောင်ရွက်နိုင်သည့် အခြေအနေရှိခဲ့ကြောင်းပြောကြားပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များမှလည်း အသေးစားငွေရေးကြေးရေးလုပ်ငန်းများ စည်းစနစ်ကျစွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှု အခြေအနေများ၊တွေ့ကြုံရသည့်အခက်အခဲ၊အသင်းသားများသို့ ချေးငွေထုတ်ချေးမှုနှင့်ပြန်လည်ကောက်ခံမှု၊ အသင်းဝင်များ၏ အချက်အလက်များကို အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ အချင်းချင်း ဖလှယ်ရေး အခြေအနေများရှင်းလင်းတင်ပြကြပါသည်။

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီ စုစုပေါင်း(၁၈၁)ဖွဲ့တို့မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်(၁၅)ခု၊ မြို့နယ်ပေါင်း (၂၆၆)မြို့နယ်၊ ရပ်ကွက် (၂၃၀၂) ရပ်ကွက်၊ ကျေးရွာပေါင်း(၂၇၆၆၁)ရွာရှိ အသင်းဝင်ဦးရေ ၄.၉၇၂ သန်းကို ငွေကြေးဝန်ဆောင်မှုများပေးလျက်ရှိကြောင်းသိရသည်။